MOIC-MO-A/00064

# ၁၉၆၂ ခုနှစ်တွင် လွတ်လပ်ရေးအတွက်ကြိုးပမ်းခဲ့သော ကျောင်းသား၊ ကျောင်းသူများကို စစ်အာဏာရှင်က ရက်စက်စွာအစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည့် ဝမ်းနည်းဖွယ်ရာ (၅၉) ကြိမ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဆာဆာ၏ အမှာစကား

ယနေ့ဇူလိုင်လ(၇)ရက်နေ့သည် ရဲရင့်သောသူရဲကောင်း ကျောင်းသား၊ကျောင်းသူများအား နေဝင်းဦးဆောင်သည့် အကြမ်းဖက်စစ်အာဏာရှင်မှ ရက်စက်စွာသတ်ဖြတ်ခဲ့သောနေ့ (၅၉) ကြိမ်မြောက်နှစ်ပတ်လည်နေ့ဖြစ်ပါသည်။ ယနေ့သည်တစ်နိုင်ငံလုံး ဝမ်းနည်းပူဆွေးရသောနေ့ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် စစ်အာဏာရှင်စနစ်ဆိုးမှလွတ်မြောက်ရေးကြိုးပမ်းရာတွင်အသက်စွန့် ခဲ့ရသော ကျောင်းသား၊ကျောင်းသူများကို အစဉ်အမြဲအောက်မေ့ပါသည်။ ၎င်းတို့သည် အဆုံးသတ်ချိန်တွင်ပေါ်ပေါက်စိုးမိုးလာမည့် ငြိမ်းချမ်းရေးနှင့်ဖက်ဒရယ်အတွက် အသက်ပေးဆပ် ခဲ့ကြခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံသားများသည် ကြမ်းတမ်းရက်စက်သော စစ်အာဏာရှင်စနစ်ဆိုးနှင့် တရားမဝင်စစ်အာဏာသိမ်းခြင်း တို့အားဆန့်ကျင့်ကြောင်း ခေတ်အဆက်ဆက်အသက်နှင့်ရင်းကာ အဖန်ဖန်သက်သေထူခဲ့ပြီးဖြစ်ပါသည်။ ရဲရင့်သည့်မြန်မာနိုင်ငံသားတို့၏ (၅၉) နှစ်ကြာသော ပေးဆပ်မှုသည် အလွန်နာကျင်ဖွယ်ကောင်းပြီး၊ ကာလအားဖြင့်လည်းအလွန်ကြာရှည်ခဲ့ပြီးဖြစ်ပါသည်။၎င်းတို့၏သည်းခံနိုင်စွမ်းအားကိုလည်းကျော်လွန်ခဲ့ပြီးဖြစ်ပါသည်။နေဝင်းမှ အစပြု၍ မင်းအောင်လှိုင်လက်ထက်အထိ စစ်အာဏာရှင်ကျဆုံးရေးငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုကြောင့် အပြစ်မဲ့ပြည်သူပေါင်းထောင်နှင့်ချီကာ အသက်စွန့်ခဲ့ရပါသည်။ ဖိနှိပ်ချုပ်ချယ်သောစစ်အာဏာရှင်များသည် ခေတ်အဆက်ဆက်နိုင်ငံနှင့်လူမျိုးအတွက် သေခြင်းနှင့်အတူပျက်စီးခြင်းကိုသာဖန်တီးခဲ့ကြပါသည်။ ယနေ့ (၂၁) ရာစုရောက်သည့် အချိန် တွင်ပင် မင်းအောင်လှိုင်နှင့်၎င်း၏လက်အောက်ခံ အကြမ်းဖက်အင်အားစုသည် ငြိမ်းချမ်းရေးနှင့်ဖက်ဒရယ် ဒီမိုကရေစီအရေး အတွက်ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သောအပြစ်မဲ့ပြည်သူ(၁၀၀၀) နီးပါးအား ရက်စက်စွာသတ်ဖြတ်ခဲ့ပါသည်။ ရဲရင့်သော အပြစ်မဲ့ပြည်သူ (၆၀၀၀) ကျော်ကိုလည်း တရားမဝင်ဖမ်းဆီးပြီး စစ်ဖက်ဆိုင်ရာစစ်ကြောရေးစခန်းများ တွင်လူမဆန်စွာ ညှဉ်းပန်း နှိပ်စက်ခဲ့ပါသည်။ တရားမဝင် ဖမ်းဝရမ်းထုတ်ခဲ့သည့်အတွက်အပြစ်မဲ့ပြည်သူပေါင်း (၂၀၀၀) ကျော်တိမ်းရှောင်နေကြရပါသည်။ ပြည်သူ ၁.၂ သန်းခန့် သည်လည်း အသက်ဘေးမှလွတ်မြောက်ရန်အတွက်အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရပါသည်။ ယခုနှစ် အောက်တိုဘာလအကုန်တွင် နိုင်ငံအနှံ့ အပြားမှပြည်သူပေါင်း ၆၄ သိန်းခန့်အငတ်ဘေးကြုံရနိုင်ဖွယ်ရှိပါသည်။ ထို့အပြင် ယခုနှစ် အတွင်း ပြည်သူ ၂၇ သန်းကျော်သည် ကူးစက်မြန်ကပ်ရောဂါ ကိုဗစ် နှင့်အတူ ဆိုးရွားသောဆင်းရဲမွဲတေမှုဒဏ်ကို ကြုံရ နိုင်ချေရှိပါသည်။ ကျရှုံးနေပြီးသော စစ်အာဏာသိမ်းမှုနှင့်စစ်ကောင်စီလက်အောက်တွင် စီးပွားရေးနှင့်အတူ ကျန်းမာရေး စောင့်ရှောက်မှု၊ ဘဏ်လုပ်ငန်း၊ ပညာရေးစနစ်နှင့် အခြေခံဝန်ဆောင်မှုလုပ်ငန်းများ ပြိုလဲနေပြီဖြစ်ပါသည်။ ၎င်းမှာလူမျိုးတုန်း သတ်ဖြတ်မှုကို ကျူးလွန်ထားသော မင်းအောင်လှိုင်၏ တရားမဝင်အာဏာသိမ်းမှုအကျိုးဆက်ဖြစ်ပါသည်။ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် နေဝင်း၊ သန်းရွှေမင်းအောင်လှိုင် အစရှိသော လူသတ်ကောင်များဦးဆောင်သည့် စစ်အာဏာရှင်စနစ်၏အနာဂတ် မဲ့နေပြီ ဖြစ်ကြောင်းကို ရဲရင့်သောပြည်သူပေါင်းထောင်ချီမှ အသက်ပေးသက်သေထူခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့်မည်မျှပင် ခက်ခဲ၊ ကြာရှည်စေကာမူ ရဲရင့်သောမြန်မာနိုင်ငံသားများသည် လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်ထားသော စစ်အာဏာရှင်အား မြန်မာ့မြေပေါ်မှအပြီးတိုင် အမြစ်ပြတ်တိုက်ထုတ်နိုင်သည်အထိလက်မလျှော့ပဲ၊ အလျှော့မပေးပဲ ကြံ့ကြံ့ခံဆက်သွားကြမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည်လွတ်လပ်၍တရားမျှတသော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ ချီတက်နိုင်သောနေ့ရောက်လာလျှင် ကျဆုံးသွား ခဲ့သောသူရဲကောင်းများကို နိုင်ငံတော်နှင့်နောင်လာနောင်သားများမှ လေးစားအမှတ်ရနေစေရန် ချီးမြှောက်သွားမည် ဖြစ်ပါသည်။ ၎င်းတို့သည် မတူညီသော လူမျိုး၊ဘာသာ၊ယဉ်ကျေးမှု၊ လူမျိုးစုနှင့် နောက်ခံအကြောင်းအရာ အသီးသီးရှိကြသည့်မြန်မာနိုင်ငံသားများအတွက် ပေးဆပ်ခဲ့ခြင်းဖြစ်ပါသည်။ ထိုပေးဆပ်မှုများသည် အချည်းနှီးမဖြစ်ပါ။ ယနေ့တွင် ကျွန်တော်တို့သည် ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် ကြွယ်ဝမှုရှိသော လွတ်လပ်သည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ဆီသို့ ချီတက်နေပြီဖြစ်ပါသည်။ ကျွန်တော်တို့အတူတကွ တွန်းလှန်မည်ဆိုပါက အမှောင်ထုကိုအနိုင်ယူကာ ရောင်နီကိုကျော်လွန်ပြီး သွေးစွန်းနေသော ရွှေမြန်မာမြေပေါ်သို့ အာရုံသစ်အလင်း ယူဆောင်လာနိုင်မည်ဖြစ်ပါသည်။ မြန်မာ့သမိုင်းကို စစ်အာဏာရှင်တို့အုပ်စိုးခဲ့သော အမဲစက်အား လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်အတူ ဒီမိုကရေစီ၏အလင်းရောင်ဖြင့်ထာဝရအစားထိုးသွားမည်ဖြစ်ပါသည်။ သာတူညီမျှရှိခြင်း၊ အပြန်အလှန်လေးစားခြင်း၊ သာတူညီသောအသိဉာဏ်ပညာနှင့် ကြွယ်ဝမှုတို့သည် ယမ်းငွေ့သမ်းသော သေနတ်များနှင့်ရူးမိုက်သောလူသတ်ကောင်တို့၏ အမိန့်များနေရာသို့ အစားထိုးဝင်ရောက်လာမည်ဖြစ်ပါသည်။

**စည်းလုံးသောမြန်မာပြည်သူ၊ပြည်သားများကိုဘုရားသခင်ကောင်းချီးပေးပါစေ။**

**လေးစားစွာဖြင့်၊**

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဆာဆာ**

**ဇူလိုင် (၇)ရက်၊ ၂၀၂၁ ခုနှစ်**